# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်**

**(၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၃၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမဆုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၁-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၃ ရက်၊

(၂) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၇ ရက်နှင့်

(၃) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၃ ရက် တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြား ထားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၂၈ ဦးတို့

ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြား ခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ကြံ့ခိုင်မှုအားနည်းသော ဇရာဝတီရေကာတာနှင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ကျိုးပေါက်သွားခဲ့သော မြစ်မခရေကာတာတို့အား ၂၀၁၆ ခုနှစ် မိုးမကျမီ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ယခုမေးမြန်းမယ့်မေးခွန်းဟာ ပထမအစိုးရတာဝန်ယူစဉ်က မေးထားတဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်ခေတ်ပုံမှတ်တမ်းနှင့်အတူ မေးမြန်းမှုကို စာဖြင့်မေးမြန်းခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော့်မေးခွန်းရဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မိုးရာသီ၊ ဇူလိုင်လအတွင်းက တစ်နိုင်ငံလုံး မိုးအဆက်မပြတ်ရွာသွန်းခဲ့လို့ ချင်းတွင်း-ဇရာဝတီမြစ်ရေဟာ အဆမတန်ကြီးမြင့်မှုကြောင့် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)မှာရှိတဲ့ မိုးညိုမြို့နယ်နဲ့ လက်ပံတန်းမြို့နယ်များကို ကာရံပေးထားတဲ့ ဇရာဝတီမြစ်ရေကာတာအပေါ်ကို မြစ်ရေဟာ တစ်ပေခွဲကနေ နှစ်ပေသို့ လျှံတက်ခဲ့ပါတယ်။ လျှံတက်လာတဲ့မြစ်ရေကို ရေကာတာအတွင်းမှာနေထိုင်ကြတဲ့ ကျေးရွာလူထုဟာ နေ့မနားညမနား အပြင်းအထန်ကာကွယ်ခဲ့ကြရပါတယ်။ လက်ပံတန်းမြို့နယ်မှာတော့ သဲအိတ်ပေါင်း နှစ်သိန်းကျော် အသုံးပြုခဲ့ရပါတယ်။ အဲဒီလိုကာကွယ်ရင်းနဲ့ မိုးညိုမြို့နယ်က ဇရာဝတီရေကာတာဟာ ကျိုးပေါက်သွားတဲ့အတွက် လက်ပံတန်းမြို့နယ်၊ သာယာဝတီမြို့နယ်မှာရှိတဲ့ မြစ်မခမြစ်ကိုကာထားတဲ့ ရေကာတာများဟာလည်း ဆက်လက်ကျိုးပေါက်ခဲ့ပါတယ်။ လက်ပံတန်းမြို့နယ်အတွင်းက မြစ်မခရေကာတာဟာ အချက်ပေါင်း ၂၀ ကျော်ကျိုးပေါက်ခဲ့လို့ လူလေးဦးသေဆုံးခဲ့ရပြီး လယ်မြေဧက ၁၈၅၃၈ ဧက၊ ငါးမွေးကန်ဧက ၃၀၀၀ ကျော်၊ လက်ပံတန်း- ကျုံလဟာ မဟာဗျူဟာလမ်းမပေါ်မှာရှိတဲ့ တံတားသုံးစင်း၊ လက်ပံတန်း- သာရဝေါမီးရထားလမ်းပေါ်မှာရှိတဲ့ မီးရထားတံတားတစ်စင်း၊ လက်ပံတန်း- ရေကန်- ခမုံလမ်းပေါ်မှာရှိတဲ့ သစ်သားတံတားနှစ်စင်း ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အိမ်ထောင်စုပေါင်းမြောက်မြားစွာလည်း ရေဘေးဒုက္ခရောက်ခဲ့ရပါတယ်။ အဲဒီလို ဒုက္ခရောက်ခဲ့ရတဲ့အတွက် ယခင်အစိုးရကတော့ ပဲခူးတိုင်းဒေသကြီးနှင့်ဇရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကာကွယ်ရေးတာများ ပြုပြင်ရေးအတွက်ဆိုပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သီးသန့်ရန်ပုံငွေ

ကျပ်သန်းပေါင်း ၂၀၃၉.၇၆ သန်း သုံးစွဲမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးရဲ့ ၁၇-၁၁-၂၀၁၅ ရက်စွဲနဲ့ ပြည်ထောင်စုနာယကထံကို အကြောင်းကြားခဲ့ပါတယ်။ သို့သော်လည်း ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့ ရေကာတာများကိုတော့ တာပုံစံကျ အကြီးစား အခိုင်အမာပြုပြင်တည်ဆောက်ပြီးစီးခဲ့သော်လည်း ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးက လက်ပံတန်းရေကာတာကိုတော့ ပြုပြင်ပေးခဲ့ခြင်းမရှိခဲ့ပါဘူး။ နောက်တစ်ခါ ပဲခူးတိုင်းဒေသကြီးအစိုးရကလည်း တိုင်းဒေသကြီးအစိုးရရန်ပုံငွေနဲ့ သာယာဝတီမြို့နယ်နဲ့မိုးညိုမြို့နယ်ထဲက ရေကာတာများကို တာပုံစံကျ အခိုင်အခံ့ပြင်ဆင်ပြီးစီးသွားခဲ့သော်လည်း လက်ပံတန်းမြို့နယ်က ရေကာတာများကိုတော့ ပြုပြင်ပေးခဲ့ခြင်းမရှိခဲ့ပါဘူး။ ပကတိမြေပြင်မှာ ဒုက္ခရောက်နေတဲ့ မြို့နယ်ချင်းအတူတူဖြစ်ပါလျက် ကျွန်တော်တို့ လက်ပံတန်းကရေကာတာများကိုတော့ ပြုပြင်ပေးခဲ့ခြင်းမရှိခဲ့လို့ ယခင်အစိုးရကို မေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတော့ အစိုးရသစ်ရဲ့ ရက် ၁၀၀ စီမံချက်မှာ မြစ်မခရေကာတာအတွက်ပါလာပြီဖြစ်လို့ လက်ပံတန်းမြို့နယ်က မြစ်မခရေကာတာများကို ၅-၅-၂၀၁၆ ရက်နေ့ကစတင်ပြီး စက်ယန္တရားများဖြင့်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူများကတော့ ဝမ်းမြောက်ဝမ်းသာဖြစ်နေပါပြီ။ ဒါပေမဲ့လို့ ကျွန်တော်သိလိုသောမေးခွန်းက ကျန်ရှိနေသေးတဲ့ ကြံ့ခိုင်မှုအားနည်းနေသော ဧရာဝတီမြစ်ရေကာတာနှင့် မြစ်မခရေကာတာများကို မည်သို့မည်ပုံပြုပြင်ဆောင်ရွက်မည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒီနေ့မေးမြန်းတဲ့ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စားဖြေကြားဖို့ တက်ရောက်လာတဲ့ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး မေးတဲ့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့

မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေဘေးကာကွယ်ထားတဲ့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း တာမှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသောတာများဖြစ်ပြီး မိုးညိုမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာမှစတင်၍ ဇလွန်မြို့နယ်၊ ပေါက်ကုန်းကျေးရွာအထိ အလျား ၂၇ မိုင် ၆ ဖာလုံ ရှည်လျားပါသည်။ ထို့အတူ မြစ်မခမြစ်အနောက်ဘက် ရေဘေးကာကွယ်ရေးတာများ ဖြစ်သော ခမုံ-ညောင်ပင်သာတာ အလျား ၆ မိုင်၊ ခမုံ-ဆင်လမ်းတာ အလျား ၇ မိုင်၊ အသရော်အိပ် လဟာတာ အလျား ၆.၅ မိုင်၊ မြစ်မခမြစ်အရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများဖြစ်သော ကျီးပင်ဆိပ်-အိုးဘိုတန်းတာ အလျား ၅ မိုင်၊ မြစ်ကဝကျောက်အိုင်တာ အလျား ၇ မိုင်၊ ဖိုးကတိုးတာ အလျား ၄ မိုင် ၃ ဖာလုံတို့မှာလည်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်း ထားသောတာများဖြစ်ပြီး မြစ်မခမြစ် ရေဘေးကာကွယ်ရန် တည်ဆောက်ထားခြင်းဖြစ်ပါသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လလယ်မှစ၍ မြန်မာနိုင်ငံ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဧရိယာအတွင်း မိုးများ ထူးကဲစွာရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် မြစ်အထက်ပိုင်းမှ ထပ်မံစီးဆင်းလာသော မြစ်ရေများ မကြုံစဖူးထူးကဲစွာ မြစ်ရေမြင့်တက်မှုမြန်ဆန်ခဲ့ပြီး ရေဘေးကာကွယ်ရေးတာများတွင် စိုးရိမ်ရသော အနေအထားသို့ ရောက်ရှိလာပါတယ်။ ဧရာဝတီမြစ်ရေသည် မိုးညိုမြို့နယ်ရှိ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာ၏ စိုးရိမ်ရေအမှတ် ငါးပေထက်ကျော်လွန်ခဲ့ပြီး တာတမံများ ထူးပေါက်များ ပေါက်ခြင်း၊ တာအိတာလျောခြင်း၊ တာပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ တာထိပ်နိမ့်သည့် နေရာများတွင် သဲအိတ်ဆင့်ခြင်း၊ ထူးပေါက်များအား ရေခွေများ အခိုင်အမာပြုလုပ်ကာကွယ်ခြင်း၊ တာနောက်မှ ကတုတ်တန်းရိုက်၍မြေဖို့ခြင်း၊ တာရှေ့မှ လှိုင်းကာရေကာတန်းများရိုက်၍ ကာကွယ်ခြင်း စသည်ဖြင့် အရေးပေါ်ကာကွယ်ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ ဧရာဝတီမြစ်၏ မြစ်ခွဲတစ်ခု ဖြစ်သည့် မြစ်မခမြစ်၏ အနောက်ဘက်ကမ်းနှင့်အရှေ့ဘက်ကမ်းမှ ရေဘေးကာကွယ်ရေးတာများ တွင်လည်း မြစ်ရေမှတ်များမှာ စိုးရိမ်ရေမှတ်များထက် ပိုမိုကျော်လွန်မြင့်တက်ခဲ့သဖြင့် အရေးပေါ် တာကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပါသည်။ မိုးရွာသွန်းမှုများပြားပြီး မြစ်ရေ မြင့်တက်မှု မြန်ဆန်ခြင်း၊ မြစ်ရေကြီးချိန်ကြာမြင့်ခြင်းတို့ကြောင့် ရေဘေးကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက် ရင်းနှင့်ပင် မြစ်မခအနောက်ဘက်မြစ်ကမ်းဖြစ်သော အသရော်အိပ်လဟာတာမှာ တာထိပ်ပေါ် ရေကျော်ပြီးကျိုးပေါက်မှုဖြစ်ခဲ့ပါသည်။ အဆိုပါကျိုးပေါက်ခဲ့သည့် အသရော်အိပ်လဟာတာအား

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် အခိုင်အမာ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာ(ကွမ်းသီး တစ်ပင်တာ)တွင် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းအပိုင်းအလိုက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေ တွင် ခွဲဝေရရှိပြီးဖြစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီကြောင်း အသိပေးအပ်ပါတယ်။ ထို့အတူ မြစ်မခမြစ် အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများဖြစ်သော ခမုံ-ညောင်ပင်သာတာ၊ ခမုံ-ဆင်လမ်းတာ၊ ကျီးပင်ဆိပ်-အိုးဘိုတန်းတာ၊ မြင်ကဝကျောက်အိုင်တာနှင့် ဖိုးကတိုးတာ ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ မူလခွင့်ပြုရန်ပုံငွေတွင် ခွဲဝေရရှိပြီးဖြစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ် တည်းမေးခွန်းလေး မေးခွင့်ပြုပေးပါ။ ယခုလိုဖြေကြားပေးတဲ့အတွက် ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ မြစ်မခရေကာတာကို လုံခြုံအောင် အဆင့်မြှင့်တင်ပေးနေပြီလည်းဖြစ်ပါတယ်။ မြစ်မခရေကာတာရဲ့ အရှေ့ဘက်ခြမ်းရေကာတာအတွင်း က လယ်သမားတွေက စိတ်ချရပေမယ့်လို့ မြစ်မခမြစ်ရဲ့ အနောက်ဘက်ခြမ်းရေကာတာအတွင်းက လယ်သမားများကတော့ စိတ်မချရသေးပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ရဲ့အနောက်ဘက် ၁၀ မိုင်အကွာမှာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရေကာတာက ရှိနေသေးလို့ဖြစ်ပါတယ်။ အဲဒီရေကာတာ နှစ်ခုကြားမှာ ကျေးရွာအုပ်စုက ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၁၄၀ ကျော်နဲ့ လယ်မြေဧကပေါင်း ၅၀၀၀၀ ကျော်ရှိနေပါတယ်။ အဲဒီလယ်သမားများအတွက် ဧရာဝတီရေကာတာဟာလည်းပဲ စိတ်ချရအောင် ပြုပြင်ပေးနိုင်ပါမှ စိတ်အေးရမှာဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေကာတာရဲ့ အရှည်မိုင်က ၂၃ မိုင်ရှိပါ တယ်။ မြစ်မခရေကာတာ အရေးကြီးသလို ဧရာဝတီရေကာတာကလည်း ပိုပြီးအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ပံတန်းအနောက်ခြမ်းတစ်ခြမ်းလုံးနဲ့ မြစ်မခကို အဲဒီဧရာဝတီရေကာတာက ကာကွယ်ပေးထားလို့ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်က ကွမ်းသီးတစ်ပင်ရေကာတာ ကျိုးပေါက်ခဲ့တုန်းက ဧရာဝတီမြစ်ရေဟာ မြစ်မခမြစ်ကိုကျော်ပြီးတော့ လက်ပံတန်းမြို့ရဲ့အခြေကို ရောက်ရှိခဲ့ပါတယ်။ ဧရာဝတီရေကာတာဟာ နှစ်ပေါင်းများစွာ တာအကြီးစားမပြင်ဆင်နိုင်တဲ့အတွက် တာပေါင်များနိမ့်ကျ

လာခြင်း၊ တာလုံးများသေးလာခြင်း၊ တာခြေများလျော့ကျနေခြင်း၊ တာပေါင်များကွဲအက်လာခြင်း၊ ခြတွင်း၊ ကြွက်တွင်းများကြောင့် ရေဝင်လာပြီးတော့ ဂူလိုဏ်ကျင်းများဖြစ်ပေါ်လာပြီး တာအတွင်းဘက်ကို ထူးပေါက်များမှ ရေပွက်ကြီးများပွက်ထလာခြင်း၊ မြစ်ကြမ်းပြင်မြင့်တက်လာခြင်းတို့ကြောင့် တာများတစ်လျှောက် ရေဝိတ်နဲ့လှိုင်းပုတ်တဲ့ဒဏ်ကို မခံနိုင်ဖြစ်နေပါတယ်။ ရေကာတာတစ်လျှောက် နှစ်စဉ်မြစ်ရေဟာ ၆ လက်မမှ ၂ ပေအထိ ရေကျော်တိုက်စားခဲ့လို့ ကျေးရွာလူထုရဲ့လုပ်အားဖြင့် ကာကွယ်ခဲ့ရတဲ့နှစ်ပေါင်းဟာလည်း မနည်းတော့ပါဘူး။ ကွမ်းသီးတစ်ပင်တာရဲ့သမိုင်းမှာ သုံးခါကျိုးပေါက်ခဲ့တဲ့အတွက် လယ်ဧက ၅၀၀၀၀ ကျော်ပျက်စီးခဲ့ပြီးတော့ လူဦးရေတစ်သိန်းကျော် ရေဘေးဒုက္ခရောက်ခဲ့ရပါတယ်။ ကျေးရွာအုပ်စုအလိုက် ပြောင်းရွှေ့ပေးခဲ့ရပါတယ်။ ဥပမာ အိုင်တလုတ်ရေကာတာဟာဆိုလို့ရှိရင် ယခု ကမ်းပြိုနေတာနဲ့ဆိုရင် ပေ ၃၀ ပဲကွာပါတော့တယ်။ နေအိမ် ၁၉ လုံးဟာ ကမ်းပြိုတဲ့အထဲပါသွားပြီးတော့ ၂၃ မိုင်အတွင်းမှာ ထူးကျင်းပေါင်းဟာလည်း ၂၇၀ ကျော်ရှိပါတယ်။ အဲဒါကြောင့်ဧရာဝတီရေကာတာဟာ ဒီနှစ်မိုးရာသီမတိုင်မီမှာ အကြီးစားမပြင်ဆင်နိုင်ရင်တောင် အန္တရာယ်ရှိနေတဲ့နေရာများကို ကြိုတင်ကာကွယ်ထားဖို့လိုပါမယ်။ ကြိုတင်မကာကွယ်နိုင်ရင် စိတ်ချရတဲ့အနေအထားမရှိပါဘူး။ အဲဒါကြောင့် ယခုလာမယ့်မိုးရာသီမှာ တောင်သူလယ်သမားများ စိတ်အေးချမ်းသာစွာ စပါးစိုက်ပျိုးနိုင်အောင် ကြိုတင်ကာကွယ်ပေးမည့်အစီအစဉ်များ ရှိ/မရှိကိုလည်း သိချင်ပါတယ်။ ပြန်လည်ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အလွန်တန်ဖိုးရှိတဲ့မေးခွန်းကို မေးမြန်းပေးတဲ့လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းအား ကျေးဇူး တင်ပါတယ်။ ဒီဟာက ကျွန်တော်တို့ အလွန်ကိုအလေးအနက်ထားပြီးတော့ ကာကွယ်လုပ်ဆောင်ရမယ့်ကျွန်တော်တို့နိုင်ငံရဲ့ အဓိကစိုက်ပျိုးမြေ၊ လယ်သမားတွေနဲ့ ထိခိုက်နစ်နာမယ့်ဟာတွေဖြစ်တဲ့အတွက် ဧက ၅၀၀၀၀။ ဒီဧရာဝတီမြစ်ရေကာတာ ၂၃ မိုင်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဒီအစည်းအဝေးပြီးပြီးချင်း ကျွန်တော်တို့ အရေးတယူဆောင်ရွက်ဖို့ ဆိုင်ရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့်ညှိနှိုင်းပြီးတော့ ဒီကာလအတွင်း အခု ကျွန်တော်တို့ မိုးတွင်းဖြစ်လာမယ့်မေလကုန်အထိ ကျန်တဲ့ ၁၉ ရက်လောက်ပဲရှိပါတယ်။ ဒီ ၁၉ ရက်လောက်နဲ့ ဟိုဘက်ကကာလမှာ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကာကွယ်ရေးလိုဟာမျိုးပေါ့နော်။ အဓိကကတော့တာကြီးတွေကိုပြုပြင်ထိန်းသိမ်းဖို့ ငွေကြေးအခက်အခဲရှိတောင်မှ ရေကာတာကို ပန်းတာဘာညာ

ကာကွယ်ဖို့ဆိုတဲ့ဟာကို အလေးအနက်ထားပြီးတော့ဆောင်ရွက်ဖို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရှေ့ဆက်ဆောင်ရွက်သွားပါမယ်ဆိုတဲ့အကြောင်း၊ ပြည်ထောင်စုဝန်ကြီးကိုလည်း အသိပေးပြီးတော့ ဆောင်ရွက်သွားပါမယ်ဆိုတဲ့အကြောင်းကို ကျွန်တော် ကတိပြုအပ်ပါတယ်ခင်ဗျား။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်သည် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဆိုးဝါးလှသည့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော လယ်မြေဧက ၄၀၀၀ ကျော်ရေပေးဝေနိုင်သည့် မြောင်းချောင်းဆည်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဂုဏ်သရေရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဆုတောင်း မေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ရှားမီး ဖြစ်ပါတယ်။ ကလေးမြို့နယ်၏လူဦးရေဟာ ၃၄၀၀၀၀ ကျော်ရှိပြီး မြို့ပြနေလူဦးရေ ၁၃၀၀၀၀ ကျော်ရှိပြီး ကျေးလက်နေလူဦးရေမှာ ၂၁၀၀၀၀ ကျော်ရှိပါတယ်။ ထို့ကြောင့် မြို့နေလူဦးရေ၏ ၆၂.၆ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြပါသည်။ ကျေးလက်နေပြည်သူများ၏ အဓိကအလုပ်အကိုင်မှာလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အသားတင်စိုက်ဧကမှာ ၉၀၀၀၀ ကျော်ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် လယ်စိုက်ဧက ၈၀၀၀၀ ကျော်ပျက်စီးခဲ့ရပြီး အရေးပေါ်အခြေအနေကြေညာရသည်အထိ ဖြစ်ခဲ့ရပါသည်။ ပျက်စီးသွားခဲ့ရသော လယ်ယာမြေများအား အစိုးရနှင့် လူမှုအဖွဲ့များမှ မျိုးစေ့များအား ထွန်စက်များနှင့် ထွန်ယက်ပေးခဲ့မှုကြောင့် တစ်ရာသီစိုက်ပျိုးရန် အဆင်ပြေမှုရှိမှာဖြစ်လို့ ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် နတ်တံခါးချောင်းမြောင်း လယ်သောက် ဧက ၂၀၀၀ ခန့်အား ၂၀၁၆-၂၀၁၇ စစ်ကိုင်းတိုင်းဒေသကြီး ဘတ်ဂျက်တွင်တူးဖော်ရန် ထည့်သွင်းလျာထားသည်ဟု သိရှိရပါသဖြင့်လည်း ကျေးဇူးတင်ဝမ်းမြောက်မိပါသည်။ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှု့ဖြစ်စဉ်သည် အခြားနှစ်များနှင့်မတူဘဲ ရေများနှင့်အတူ သစ်တုံးကြီးများ၊ အမှိုက်သရိုက်မြောက်မြားစွာနှင့် သဲနုန်းများ အထူးများပြားစွာ ပါရှိခဲ့ပါသည်။ အဆိုပါ သစ်တုံးများနှင့် သဲနုန်းများသည် လယ်ကွင်းပြင်တစ်လျှောက် ပြန့်ကျဲလျက်ကျန်ခဲ့ပြီး သဲနုန်းမှာ လယ်ကန်သင်းရိုးများနှင့် ရေသွင်းရေထုတ်မြောင်း ပျောက်ကွယ်လုမတတ်တင်

ကျန်ခဲ့ပါသည်။ တောင်သူလယ်သမားများအနေဖြင့် သစ်တုံးများအားဖယ်ရှားပြီး ဆောင်းသီးနှံစိုက်ပျိုးနေကြပြီဖြစ်ပါသည်။ ဆောင်းသီးနှံ၏သဘောမှာ ကန်သင်းရိုးနှင့် ရေသွင်းရေထုတ်မြောင်းများ အထူးမလိုအပ်ပါ။ လာမည့်မိုးကာလ စပါးစိုက်ရာသီအတွင်းမှာ လယ်ကန်သင်းရိုးများပြုပြင်ခြင်း၊ ဆည်မြောင်းရေသွင်းရေထုတ်မြောင်းများ ပြုပြင်တူးဖော်ရာမှာ အရေးတကြီးလိုအပ်နေပြီ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကလေးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ ကိုယ်ထူကိုယ်ထတူးဖော်ခဲ့ကြသော ဆည်များ၊ ရေမြောင်းများအား ဦးစားပေးအဆင့်များ သတ်မှတ်၍ အဓိကအားဖြင့် လယ်ယာသောက်မြေဧက ၄၀၀၀ ကျော် အသုံးပြုနိုင်မည့် မြောင်း၊ ချောင်း၊ ဆည်မြောင်းအားပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိကို လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ဆန္ဒအရ မေးမြန်းအပ်ပါသည်။ ဖြည့်စွက်မေးမြန်းလိုသည်မှာ ဒေသခံတောင်သူလယ်သမားများ၏ ထည့်ဝင်ငွေများ၊ အရပ်ဖက်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရေးအသုံးစရိတ်ဖြင့် မြစိမ်းမြလင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးအပါအဝင် နတ်တံတားချောင်း၊ ဆည်ကြီးချောင်းများ၊ စက်ကန့်ချောင်းအောက်ပိုင်းများအား ငွေကျပ် ၆၉၀ သန်းဖြင့် တူးဖော်ကာကွယ်ရေးလုပ်ငန်းများပြုလုပ်နေသဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

ဥက္ကဋ္ဌကြီးရှင့်။ တိုင်းဒေသကြီးအစိုးရ၏ လတ်တလောအကောင်အထည်ဖော်နေမှုဟာ တောင်သူလယ်သမားများ မိုးရာသီအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရမှ စိုက်ထုတ်နိုင်သော ငွေကြေးပမာဏနှင့် ကိုက်ညီသောလုပ်ငန်းများသာ ဖြစ်ကြပါသည်။ ကျွန်မတို့မြို့နယ်ရဲ့ ကျေးရွာများသည် မြစ်ချောင်းများဘေးတွင်သာ အများစုတည်ရှိကြပြီး ချင်းပြည်နယ်တောင်တန်းများအား မြစ်ဖျားခံစီးဆင်းလာသော တောင်ကျချောင်းများစွာလည်းရှိပါသည်။ မြစ်ချောင်းများ ရေတိုက်စားမှုများတာနှင့်အမျှ အိုးအိမ်များ၊ ဘာသာရေးအဆောက်အဦများပြောင်းရွှေ့ရမှုများဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဆိုးဝါးလှသည့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော၊ လယ်မြေဧက ၄၀၀၀ ကျော် ရေပေးဝေနိုင်သည့် မြောင်းချောင်းဆည်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

ဖြေကြားချက်

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၏ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင်တော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ဆည်တောကျေးရွာအနီးရှိ မြောင်းချောင်းရေပေးမြောင်းသည် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကျေးရွာတောင်သူများမှ ကိုယ်ထူကိုယ်ထတူးဖော်ဆောင်ရွက်ခဲ့သော ကျေးရွာမှ ထိန်းသိမ်းထားသည့် ရေပေးမြောင်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်ရိုက် ကျောက်ဖြည့်ရေလွှဲဆည်နှင့် ရေပေးမြောင်းထိပ် ရေတံခါးအား ဖြည့်စွက်တည်ဆောက်ပေးခဲ့ပါသည်။

မြောင်းချောင်းရေလွှဲဆည်နှင့် ရေပေးမြောင်းသည် ကလေးမြို့နယ်တောင်ဘက်ရှိ ကျေးရွာ ငါးအုပ်စုဖြစ်သော ရွာစည်ရွာသာ၊ မြောက်စည်း၊ တောင်စည်း၊ ကျော်ရွာ၊ ခုံတုံမြို့သာကျေးရွာ အုပ်စုတို့မှ လယ်ဧက ၄၀၀၀ ကျော်အား မိုးစပါးစိုက်ပျိုးရေပေးဝေလျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် ရေလွှဲဆည်နှင့်ရေပေးမြောင်းထိပ်ရေတံခါး ပျက်စီးသွားပြီး ရေပေးမြောင်းအတွင်း ပေ ၃၀၀၀ ခန့် သဲနုန်းများပို့ချခဲ့သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြောင်းချောင်းရေပေးမြောင်းအတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီး ခဲ့သည့် ရေလွှဲဆည်နှင့်ရေပေးမြောင်း ထိပ်ရေတံခါးမှာ ပြုပြင်အသုံးပြုရန် မသင့်လျော်တော့သဖြင့် ယခင်ရေပေးမြောင်းထိပ်ဝမှ အထက် ၄၀၀ ပေအကွာတွင် ပြောင်းရွှေ့တည်ဆောက်ပြီး ရေပေး ဝေနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ရေလွှဲ ဆည်နှင့်မြောင်းထိပ်ရေတံခါးတည်ဆောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားခဲ့ဝေပြီးဖြစ်ပါသဖြင့် လုပ်ငန်းများစတင် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံဒေသ၊ ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ တာပူရေချောင်းအား ဖြတ်ကျော်ရန် သံကူကွန်ကရစ်တံတား အလျား ၃၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ တံတားတစ်စင်းအသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံဒေသ ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ ကျူရုံးကျေးရွာ၊ ဆင်တောင်ကျေးရွာ၊ ကွန်ကံကျေးရွာ သွားလမ်းပေါ်မှာရှိတဲ့ သာပူရေချောင်းဖြတ်ကျော်သစ်သားတံတား အလျား ၃၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိတံတားဟာ ကြမ်းခင်းများ၊ အောက်ခံသစ်သားစဥ့်တိုင်များအား ရာသီဥတုဒဏ်ကြောင့်လည်းကောင်း နှစ်ပေါင်းများစွာ ဖြတ်သန်းသွားလာအသုံးပြုမှုများကြောင့် ယိုယွင်းပျက်စီးလျက်ရှိပါတယ်။ အချိန်မီ ပြုပြင်အသစ်တည်ဆောက်ပေးရန်ထက် ရပ်မိရပ်ဖများမှ တင်ပြလာပါတယ်။ ဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် အမှန်တကယ်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနကို မေးခွန်းမေးမြန်းပါမယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် ပင်လုံဒေသ ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ တာပူရေချောင်းအားဖြတ်ကျော်၍ သံကူကွန်ကရစ်တံတားတစ်စင်း အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မေးမြန်းချက်ကို ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပင်လုံအရှေ့ ကျေးရွာအုပ်စုရှိ တာပူရေချောင်းကို ဖြတ်ကျော်တည်ဆောက် ထားသည့်တံတား ၃၅ ပေ x ၁၄ ပေ x ၁၅ ပေ လုပ်ငန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးမှ စိစစ်တင်ပြသည့် ဦးစားပေးလျာထားမှုတွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလောဆောင်ရွက်ပေး နိုင်ခြင်းမရှိပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြပေးသွားမည်ဖြစ် ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က တင်သွင်းသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ (၃-၅-၂၀၁၆ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက် ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထား

တဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၃)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်း ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်းဖြစ်ပါတယ်။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သည့် ၃-၅-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ယင်းနေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်တွင် ဖတ်ကြားတင်သွင်းခဲ့ပြီးလည်း ဖြစ်ပါတယ်။

၂။ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များရဲ့အမည်စာရင်းကို ၆-၅-၂၀၁၆ ရက်နေ့မှာ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် (မိုင်းရယ်မဲဆန္ဒနယ်)၊ ဦးဖေသန်း (မြေပုံမဲဆန္ဒနယ်)နှင့် ဦးဘရှိန် (ကျောက်ဖြူမဲဆန္ဒနယ်)တို့က ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်အဆိုတင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် (မိုင်းရယ်မဲဆန္ဒနယ်)၊ ဦးဖေသန်း (မြေပုံမဲဆန္ဒနယ်)နှင့် ဦးဘရှိန် (ကျောက်ဖြူမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး

ကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက စိစစ်အတည်ပြုချက်များဖြစ်သော ဥပဒေခေါင်းစီး၊ အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သဘောထားပြောပါ။

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၃)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက် (၃)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်

ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ၃-၅-၂၀၁၆ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား ရှင်းလင်း ခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက် ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်း တစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင် ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများ အတွက်ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်း ကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘော ထားရယူ၍ ဆုံးဖြတ်အတည်ပြု သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် ရွေးကောက်ပွဲ

ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၃)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါ တယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုပေးနိုင်ပါရန် အစီရင်ခံတင်ပြသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်း။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ဖြစ်သည့် ၃-၅-၂၀၁၆ ရက်နေ့တွင် လွှတ်တော်တွင် တင်သွင်းခဲ့ပြီး ယင်းနေ့တွင်ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်တွင်ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါတယ်။

၂။ ပြင်ဆင်ချက်အဆို တင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ၆-၅-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)၊ ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)နှင့် ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်အဆို တင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)၊ ဦးဖေသန်း (မြေပုံမဲဆန္ဒနယ်)နှင့် ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု

ရွေးကောက်ပွဲကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်ခင်ဗျား။

၄။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက စိစစ်အတည်ပြုချက်များဖြစ်သော ဥပဒေခေါင်းစီး အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သဘောထားပြောပါ။

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုသဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်(၃)ချက်အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံ ပြင်ဆင်ချက်(၃)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ၃-၅-၂၀၁၆ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်းခေါင်းစဉ် နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထား ရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၃)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးဌေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးဌေးဌေ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌကြီးနှင့် ဥပဒေကြမ်းကော်မတီတို့ရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး၏ (၂၀)ရက်မြောက်နေ့ဖြစ်တဲ့ ၃-၅-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ယင်းနေ့မှာပဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်မှာ ဖတ်ကြားတင်ပြခဲ့ပါတယ်။

၎င်းဥပဒေကြမ်းနှင့်ပတ်သက်၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ၆-၅-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် (မိုင်းရယ်မဲဆန္ဒနယ်)၊ ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)နှင့် ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းခဲ့ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်အဆို တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)၊ ဦးဖေသန်း (မြေပုံမဲဆန္ဒနယ်)နှင့် ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)တို့အပါအဝင် ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝင်းညိုနိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်အတည်ပြုချက်များဖြစ်သော ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အပိုဒ် ၂ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သဘောထားကို ပြောပါ။

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၃)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက် (၃)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကတင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်

လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသော အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌက အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အသိပေးရှင်းလင်းတင်ပြရန် ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စေဝေက ရခိုင်ပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့် AA တိုင်းရင်းသားလက်နက်တို့အကြား ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် မိမိနေရပ်အား စွန့်ခွာတိမ်းရှောင်လာနေကြသည့် စစ်ဘေးရှောင်ဒုက္ခသည်များအား ပြည်နယ်အစိုးရ ပြည်ထောင်စုအစိုးရများအနေဖြင့် လိုအပ်သောအကူအညီ အထောက်အပံ့များ ရရှိနိုင်ရေးအတွက် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်းခဲ့ပါတယ်။ ယင်းအရေးကြီးအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမည့် အကြောင်းအရာများကို ဖတ်ရှုလေ့လာတဲ့အခါ ကျေးရွာသူ/ကျေးရွာသားများအား လမ်းပြများအဖြစ် ပေါ်တာဆွဲခံနေရခြင်းတို့ရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခတွေကနိုင်ငံရေးကိုအခြားနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းရာမှာပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် တိကျမှန်ကန်သောလုပ်ငန်းစဉ်များချမှတ်ပြီး ငြိမ်းချမ်းရေးကိုမြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့လိုကြောင်း၊ လက်နက်ကိုင်အဖွဲ့အားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးပွဲစကားဝိုင်းမှာ ပါဝင်လာနိုင်အောင် ကြိုးစားဖို့လိုကြောင်း၊ ဖိတ်ခေါ်တဲ့နေရာမှာ အင်အားကြီးတယ်၊ သေးတယ်၊ သက်တမ်းရင့်တယ်၊ နုတယ်စသည်ဖြင့်ခွဲခြားဆက်ဆံဖို့ မဖြစ်သင့်ကြောင်း၊ အာဃာတနှင့်ဖြစ်စေ၊ စစ်ရေးအကျိုးမမြတ်အပေါ်မှာ အခြေခံပြီးဖြစ်စေ ခွဲခြားဆက်ဆံခြင်း၊ ဖယ်ချန်

ထားခြင်း မလုပ်သင့်ကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုမူဘောင်ထဲမှာပဲ တောင်းဆိုတိုက်ပွဲဝင်နေကြတာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေတဲ့တိုက်ပွဲတွေကြောင့် ဒေသခံများဒုက္ခရောက်နေရခြင်းကို အဆုံးသတ်စေမယ့် ရေသောက်မြစ်ကတော့ AA တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲစကားဝိုင်းသို့ ဖိတ်ခေါ်ဖို့ပဲဖြစ်ကြောင်း စတဲ့ အချက်အလက်များကို တွေ့ရှိရပါတယ်။ ယင်းအချက်အလက်များမှာအဆိုနဲ့ စပ်လျဉ်းပြီး ကန့်သတ်ချက်များဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ကိုထိခိုက်စေသော အဆိုမဖြစ်စေရ။ လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသော ကိစ္စတစ်ရပ်နှင့် သဘောခြင်းတူညီသည့်ကိစ္စမပါရှိစေရ။ ဥက္ကဋ္ဌက ခွင့်မပြုရသေးမီ မည်သည့်အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်းမပြုရတို့နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ လက်နက်ကိုင်တိုက်ပွဲဖြစ်လို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာပါဝင်ခွင့်ရအောင် လက်နက်ကိုင်အဖွဲ့တစ်ခုကို လွှတ်တော်က ဆုံးဖြတ်ပေးရမည်ဆိုပါက အခြားလက်နက်ကိုင်အဖွဲ့များကလည်း ယခုကဲ့သို့ တိုက်ပွဲများဖြစ်ပွားပြီး လွှတ်တော်သို့ အဆိုတင်သွင်း၍ တောင်းဆိုလာပါလျှင် ပြည်ထောင်စုအရေးက ရင်လေးဖွယ်ရာ ဖြစ်ပါတယ်။ ဒီအဆိုဟာ အမျိုးသားလွှတ်တော်အတွင်း ဆုံးဖြတ်ပြီးသော ကိစ္စရပ်နှင့် သဘောထားချင်းတူညီနေတာတွေလည်း တွေ့ရပါတယ်။

စစ်ဘေးရှောင် ဒုက္ခသည်များအတွက် နိုင်ငံတော်က အကူအညီပေးအပ်ရန် တိုက်တွန်းကြောင်းအဆိုဟု ခေါင်းစဉ်တပ်ထားသော်လည်း အဆိုတွင်ပါရှိသည့်ဆွေးနွေးချက်များတွင် AA လက်နက်ကိုင်အဖွဲ့ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာပါဝင်ခွင့်ပြုဖို့ လွှတ်တော်က ဆုံးဖြတ်ပေးရန်ဆိုတဲ့ အနှစ်သာရတို့ကို ဦးတည်ထားတာတွေ့ရှိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ခွင့်မပြုရသေးမီ အဆိုရှင် ဒေါ်ခင်စောဝေအနေဖြင့် လွှတ်တော်ဆိုင်ရာနည်းဥပဒေပါ ကန့်သတ်ချက်များကို လိုက်နာစောင့်ထိန်းခြင်းမရှိဘဲ ပြည်တွင်းပြည်ပမီဒီယာများကိုလည်း ထုတ်ဖော်ပြောကြားခဲ့ကြောင်းတို့ကို ၉-၅-၂၀၁၆ ရက်နေ့မှာ ဒေါ်ခင်စောဝေနှင့် ဦးဘရှိန်တို့အား ဥက္ကဋ္ဌရုံးခန်း၌ တွေ့ပြီး ဒုတိယဥက္ကဋ္ဌနှင့်အတူ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ ဒေါ်ခင်စောဝေက လွှတ်တော်ဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို လုံးဝဖော်ပြခြင်းမပြုဘဲ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် နိုင်ငံတော်က အကူအညီပေးအပ်ရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းဖို့ ကြိုးစားခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌက အဆိုကို တင်သွင်းရန် လက်မခံခဲ့တဲ့အတွက် စစ်ဘေးသင့်ပြည်သူများအတွက် အလွန်ဝမ်းနည်းစိတ်မကောင်းဖြစ်မိရပါတယ်။ ANP ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ကြိုးစားဖို့ နည်းလမ်းရှာဖွေတိုင်ပင်နေကြပါ

တယ်။ အခုကကတော့ စစ်ဘေးရှောင်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက ဆက်လက်ကူညီ ဆောင်ရွက်ပေးပါရန် အရေးကြီးပါကြောင်းဆိုပြီး ၎င်းရဲ့ Facebook Account မှာ တင်ခဲ့ပါတယ်။ ဒါဟာ ပြည်သူများ နားလည်မှုလွဲမှားစေခြင်း၊ လွှတ်တော်ကို အထင်အမြင်လွဲမှားစေခြင်းဖြစ်စေပါ တယ်။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် နိုင်ငံတော်က အကူအညီ ပေးအပ်ရန်ကို မကူညီစေလို၍ မဟုတ်ပါ။ စစ်ဘေးရှောင်ဒုက္ခသည်များကို နိုင်ငံတော်က အကူအညီ ပေးရန် ခေါင်းစဉ်တပ်ပြီး AA လက်နက်ကိုင်အဖွဲ့ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ခွင့်ရဖို့အတွက် ဦးတည်တဲ့ဆွေးနွေးချက်ကို တွေ့ရှိရခြင်း၊ အဆိုနှင့်စပ်လျဉ်းသော အထက်တွင်ရှင်းလင်းခဲ့တဲ့ ကန့်သတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်းတို့ကို တွေ့ရှိရခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌအနေနဲ့ အဆိုတစ်ရပ်ကို လက်ခံခွင့်ပြုရန်သင့်/မသင့် စဉ်းစားတဲ့အခါ နည်းဥပဒေများ နှင့် ညီညွတ်ခြင်းမရှိလျှင်သော်လည်းကောင်း၊ အဆိုတင်သွင်းပိုင်ခွင့်ကို အလွဲသုံးစားပြုသူဟုသော် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သည်ဟုသော်လည်းကောင်း၊ လွှတ်တော်၏ လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိပါးစေသည်ဟုသော်လည်းကောင်း ယူဆလျှင် ယင်းအဆို သို့မဟုတ် ယင်းအဆို၏ အစိတ်အပိုင်းကို ခွင့်မပြုရဆိုတဲ့ နည်းဥပဒေပြဋ္ဌာန်း ချက်နှင့်အညီ ခွင့်မပြုခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှုနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို အထင်အမြင်မှားစေသော ရေးသား ပြောဆိုမှုများအတွက် ရှောင်ကျဉ်ကြရန် အသိပေးရှင်းလင်းတင်ပြအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]